# Center for Diversity and National Harmony

## Daily News Letter



No.(12), Shwe Li Street,
Kamayut Township,
Yangon11041, Myanmar



အတွဲ (၁)၊ အမှတ် (၂၇၈) နေ့စွဲ။ ၁၀.၁၁.၂၀၁၅ (အင်္ဂါနေ့)


| စဉ် | နေ့စွဲ | သတင်းဌာန | အကြောင်းအရာ | အကျဉ်းချုပ် |
|---|---|---|---|---|
| ၁ | ၁၀.၁၁.၁၅ | Daily Eleven Pg (2, 3) | ဒေါ်အောင်ဆန်းစုကြည် | **အထွေထွေရွေးကောက်ပွဲ ဖြစ်မြောက်ခြင်း ပြည်သူလူထု အား ဂုဏ်ပြုကြောင်း ဒေါ်အောင်ဆန်းစုကြည်ပြော**<br>အထွေထွေရွေးကောက်ပွဲဖြစ်မြောက်ခြင်းသည် ပြည်သူလူထု၏ နိုင်ငံရေးနိုးကြားမှု၊ သတ္တိရှိမှု၊ စည်းကမ်းထိန်းသိမ်းမှုတို့ကြောင့် ဖြစ်မြောက်သွားခြင်းဖြစ်သဖြင့် ပြည်သူလူထုအား အထူးဂုဏ်ပြုကြောင်း ဒေါ်အောင်ဆန်းစုကြည်က နိုဝင်ဘာ ၉ ရက်က ရန်ကုန်မြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးရှေ့တွင် ရွေးကောက်ပွဲရလဒ်အား လာရောက်စောင့်ဆိုင်းနေသည့် ပြည်သူများအား ပြောကြားသည်။ ရွေးကောက်ပွဲတွင် နိုင်ခြင်း၊ ရှုံးခြင်းဆိုသည့် မဲအရေအတွက်နှင့်မဆိုင်ဘဲ မိမိဝင်ပါသည့်အခါမှာ မည်မျှသိက္ခာရှိသည်၊ မည်မျှလောက် ပြည်သူအပေါ်တွင် စေတနာထားသည်နှင့်သာဆိုင်ကြောင်း၊ ရွေးကောက်ပွဲရလဒ်နှင့် ပတ်သက်၍ ပြည်သူများအနေဖြင့် အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်နေကြရန်လိုကြောင်း၊ လူဆိုသည်မှာရှုံးခြင်း၊ နိုင်ခြင်းထက် မည်ကဲ့သို့ရှုံးသည်၊ နိုင်သည်ဆိုသည်မှာ ပိုအရေးကြီးကြောင်း၊ ရှုံးသည့်သူများသည် သတ္တိရှိရှိ၊ ဣန္ဒြေရှိရှိဖြင့် အရှုံးခံနိုင်ရမည်ဖြစ်ပြီး နိုင်သည့်သူများသည်လည်း ကိုယ့်စိတ်ကိုယ်နှိမ့်ချ၍ သဘောထားကြီးစွာဖြင့် အနိုင်ကိုရင်ဆိုင်မှသာ တကယ့်အောင်မြင်နိုင်သူများ ဖြစ်မည်ဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က သတိပေးပြောကြားခဲ့သည်။<br>ကျော်ဇင်ဝင်း |
| ၂ | ၁၀.၁၁.၁၅ | Daily Eleven Pg (3) | Election | **ငြိမ်းချမ်းသော သမိုင်းဝင်ရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်ခဲ့သည့် မြန်မာပြည်သူများအား အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီချီးကျူး**<br>မြန်မာနိုင်ငံအတွင်း သမိုင်းဝင် ရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် နိုင်ငံတွင်းရှိ ပြည်သူအားလုံးနှင့် အဖွဲ့အစည်းများအား ချီးကျူးဂုဏ်ပြုလိုက်ကြောင်း အမေရိကန်နိုင်ငံနိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက နိုဝင်ဘာ ၈ ရက်နေ့က ထုတ်ပြန်ခဲ့သည်။ ရွေးကောက်ပွဲသည် မြန်မာ |

| | | | | |
|---|---|---|---|---|
| | | | | ပြည်သူတို့ ဆယ်စုနှစ်ပေါင်းများစွာ ပြသခဲ့သည့် သူရသတ္တိနှင့် စွန့်လွှတ်အနစ်နာခံမှုများ၏ သက်သေပင်ဖြစ်သည်ဟုလည်း ထုတ်ပြန်ချက်တွင်ပါရှိသည်။ မဲရေတွက်ခြင်းသည် ပွင့်လင်းမြင်သာ၍ မှန်ကန်မှုရှိရန်၊ တိုင်ကြားချက်များကို ပွင့်လင်းမြင်သာစွာဖြင့် လျော်ကန်သည့် နည်းလမ်းဖြင့် မှန်မှန်ကန်ကန်ဖြေရှင်း ဆောင်ရွက်ကြရန်လည်း နိုင်ငံရေးပါတီအားလုံးသို့ ကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက တိုက်တွန်းခဲ့သည်။ |
| ၃ | ၁၀.၁၁.၁၅ | 7 Day Daily No (913) p (3) | Election | **ကြိုတင်မဲနှင့်ပတ်သက်၍ ဥပဒေနှင့်မညီသော လုပ်ရပ်များကို တရားဥပဒေအရ ဆောင်ရွက်မည်ဟု ဒီချုပ်ထုတ်ပြန်**<br>ပြီးစီးခဲ့သော ရွေးကောက်ပွဲတွင် ကြိုတင်မဲနှင့် ပတ်သက်၍ ဥပဒေနှင့်မညီသော လုပ်ရပ်များ ပေါ်ပေါက်နေသည် ကို သိရပြီး ထိုကဲ့သို့ လုပ်ဆောင်မှုများကို တရားဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက အရေးပေါ်ကြေညာချက် အမှတ် (၃) ထုတ်ပြန်လိုက်သည်။ ပုသိမ်မြို့တွင် ကျေးရွာ တစ်ရွာတွင် ပြည်ခိုင်ဖြိုးပါတီ အနိုင်ရပါက ပြန်ပေးစရာ မလိုဟု ပြောကြားကာ အိမ်တိုင်းစေ့အား ကျပ်ငွေ တစ်သိန်းချေးငှားနေသည်ဟု သတင်းရရှိကြောင်း အရေးပေါ်ကြေညာချက်တွင် ဖော်ပြထားသည်။<br>မင်းဟိန်းကျော် |
| ၄ | ၁၀.၁၁.၁၅ | စံတော်ချိန် အတွဲ (၃) အမှတ် (၉၃၀) P (2) | Election | **ရွေးကောက်ပွဲအပြီး ဖြစ်လာနိုင်သော ပြဿနာများအတွက် ထိုင်း-မြန်မာနယ်စပ်တွင် ထိုင်းအစိုးရ လုံခြုံရေးတိုးမြှင့်**<br>မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲ ကျင်းပပြီးစီးပြီးနောက် မမျှော်လင့်ဘဲ ဖြစ်ပေါ်လာနိုင်သည့် ပြဿနာများ သို့မဟုတ် အကြမ်းဖက်မှုများအတွက် ပြင်ဆင်သည့်အနေဖြင့် မြန်မာ- ထိုင်းနယ်စပ်တစ်လျှောက်တွင် ထိုင်းလုံခြုံရေးအာဏာပိုင်များက လုံခြုံရေးအဆင့် တိုးမြှင့်ထားကြောင်း နိုဝင်ဘာ ၉ ရက်က သတင်းထုတ်ပြန်လိုက်သည်။ ၂၀၁၀ ရွေးကောက်ပွဲကို မြန်မာနိုင်ငံတွင် ကျင်းပစဉ်ကလည်း ရွေးကောက်ပွဲအပြီး ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် ထိုင်းနိုင်ငံအတွင်းသို့ မြန်မာနိုင်ငံသား ၁၀၀၀၀ ကျော် ထွက်ပြေးခဲ့သည်။ လက်ရှိတွင်မြန်မာနိုင်ငံဘက်တွင် ပုံမှန်အခြေအနေရှိသော်လည်း ထိုင်းလုံခြုံရေး အာဏာပိုင်များ က နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲအပြီး အကြမ်းဖက်တိုက်ခိုက်မှုများ ပေါ်ပေါက်၍ နယ်ကျော်ကူးစက်လာပါက ထိုင်းနှင့် မြန်မာပြည်သူများ အားဘေးလွတ်ရာ ရွှေ့ပြောင်းပေးရေးအပါအဝင် လုံခြုံရေးအစီအမံများရေးဆွဲထားသည်။<br>ဗန်ကောက်ပို့စ် |

| | | | | |
|---|---|---|---|---|
| ၅ | ၁၀.၁၁.၁၅ | 7 Day Daily No (913) p (4) | Election | **လားရှိုးမြို့ ကြိုတင်မဲတစ်သောင်းကျော် ပြဿနာသဘောရိုးမဟုတ်ဟုဆိုပြီး ဒီချုပ်နှင့် ကျားခေါင်းပါတီတို့က အပြင်းအထန်ကန့်ကွက်**<br>လားရှိုးမြို့တွင် ကြိုတင်မဲတစ်သောင်းကျော် ရောက်ရှိလာခြင်းသည် သာမန်သဘောရိုးမဟုတ်ဟုဆိုပြီး NLD အဖွဲ့ချုပ်နှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (ကျားခေါင်း) ပါတီတို့က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံ ကန့်ကွက်တိုင်ကြားခဲ့သည်။ ကြိုတင်မဲအားလုံးသည် ပြန့်ပြူးညီညာစွာရှိနေပြီး ယုတ္တိမရှိကြောင်း ဒီချုပ်ပါတီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ဦးစိုင်းမြင့်မောင်က ပြောသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ယှဉ်ပြိုင်ခဲ့သော ဒုသမ္မတ ကြိုတင်မဲ ၃၈၀၀၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းကေ ၃၇၉၅၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးက ၃၇၉၉ မဲ ရရှိထားသည်။ ဒီချုပ်ပါတီက ကြိုတင်မဲ ၇၂ မဲ ရရှိကာ ကျားခေါင်းပါတီက ခုနစ်မဲသာရရှိထားသည်။ ကြိုင်မဲများနှင့် ပတ်သက်၍ ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတာဝန်ခံ ဦးနစ်ဆန်းဦးထံ မေးမြန်းရာ ကြိုတင်မဲများသည် မဲရုံမပိတ်မီ ၄ နာရီ မတိုင်မီကတည်းက ရောက်ရှိနေပြီး ဥပဒေစည်းမျဉ်းစည်းကမ်းအတိုင်း လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်းဆိုသည်။<br>ငြိမ်းချမ်း |
| ၆ | ၁၀.၁၁.၁၅ | The Voice Daily Vol (3) No (185) p (2) | Election | **မွန်ပြည်နယ်တွင် မဲဆန္ဒနယ်အများစု NLD ပါတီအနိုင်ရ**<br>၂၀၁၅ ရွေးကောက်ပွဲတွင် မွန်ပြည်နယ်ရှိ မဲဆန္ဒနယ်အများစုတွင် NLD ပါတီက အနိုင်ရရှိခဲ့သည်။ မွန်ပြည်နယ် ၁၀ မြို့နယ်ရှိ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ ပြည်နယ်လွှတ်တော်သုံးရပ်တွင် အမျိုးသားဒီမိုကရေစီ ပါတီက မဲဆန္ဒနယ် ၃၇ နေရာအနိုင်ရရှိထားခြင်းဖြစ်သည်။ မွန်အမျိုးသားပါတီက မဲဆန္ဒနယ် ၃ နေရာ အနိုင်ရရှိထားပြီး ပြည်ခိုင်ဖြိုးပါတီက မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီတို့က မဲဆန္ဒနယ်တစ်နေရာစီ အနိုင်ရရှိထားသည်။ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၁၀ နေရာလုံးကို NLD ပါတီက အနိုင်ရရှိခဲ့ပြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ် တစ်ခု ၁၂ နယ်ရှိသည့်အနက် ရေးမြို့နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်တွင် NLD ပါတီက ရှုံးနိမ့်ခဲ့သည်။ |
| ၇ | ၁၀.၁၁.၁၅ | The Voice Daily Vol (3) No (185) p (2) | Election | **နေပြည်တော်တွင် တစ်မြို့နယ်သာရှုံးပြီး ကျန်မြို့နယ်များအားလုံး NLD ပါတီအနိုင်ရ**<br>နေပြည်တော်ကောင်စီနယ်မြေရှိ မြို့နယ်ပေါင်း ရှစ်မြို့နယ်တွင် ဇေယျာသီရိမြို့နယ်တစ်ခုမှလွဲ၍ ကျန်မြို့နယ်အားလုံး NLD ပါတီကိုယ်စားလှယ်လောင်းများ အနိုင်ရရှိခဲ့သည်။ ကြံ့ခိုင်ရေးပါတီမှအနိုင်ရရှိခဲ့သည့် တစ်ဦးတည်းသော ကိုယ်စားလှယ် |

| | | | | |
|---|---|---|---|---|
| | | | | ဦးလှဌေးဝင်းသည် တပ်မတော်သားများ၏ ကြိုတင်မဲများက အထောက်အပံ့ကောင်းခဲ့ပြီး အရပ်သားများပေးခဲ့သည့် မဲစာရင်းအရ NLD ပါတီ ကိုယ်စားလှယ်လောင်း ဒေါ်ခင်မျိုးသွင်က အသာစီးရခဲ့သော်လည်း ရှုံးနိမ့်ခဲ့ကြောင်း ရပ်ကျေးကော်မရှင်၏ ထုတ်ပြန်ချက်အရ သိရသည်။<br>နေပြည်တော် |
| ၈ | ၁၀.၁၁.၁၅ | The Voice Daily Vol (3) No (185) p (2) | Election | **မိတ္ထီလာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ လွှတ်တော်ကိုယ်စားလှယ် လေးနေရာလုံး အနိုင်ရ**<br>မိတ္ထီလာမြို့တွင် ယှဉ်ပြိုင်သော အဓိကနိုင်ငံရေးပါတီကြီးနှစ်ခုဖြစ်သည့် NLD နှင့် USDP တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒမဲအရေအတွက်မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းနေရာအတွက် USDP မှ ဒေါက်တာ မောင်သင်းက ၉၆၁၁၄ မဲ၊ NLD မှ ဒေါက်တာဝင်းစိုးဦးက ၅၉၂၇၇ မဲ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နေရာအတွက် USDP မှ ဦးစိုးအောင် ၉၇၁၇၈ မဲ၊ NLD မှ ဦးကျော်မင်းက ၅၉၆၄၅ မဲ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စာလှုးယ် မဲဆန္ဒနယ် အမှတ် (၁) နေရာအတွက် USDP မှ ဦးအောင်ကျော်မိုးက ၄၈၁၆၀ မဲ၊ NLD မှ ဦးတင်ကိုကိုက ၂၈၈၇၉ မဲ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ် အမှတ် (၂) နေရာအတွက် YSDP မှ ဦးစိုးအောင်က ၄၅၁၇၄ မဲ၊ NLD မှ ဒေါက်တာခင်စိုးတို့က ၂၈၆၁၄ မဲ ဖြင့် ပြည်ခိုင်ဖြိုးပါတီမှ အနိုင်ရရှိခဲ့သည်။<br>မိတ္ထီလာ |
| ၉ | ၁၀.၁၁.၁၅ | The Voice Daily Vol (3) No (185) p 102) | Election | **ရမည်းသင်းတွင် ဘာသာရေးမဲဆွယ်မှုနှင့် ပါတီတွင်း မညီညွတ်မှုများကြောင့် NLD ပါတီ ရှုံးနိမ့်ဟုဆို**<br>ယခု ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် ရမည်းသင်းမြို့နယ်တွင် လွှတ်တော်သုံးရပ်၌NLD ပါတီ ရှုံးနိမ့်ခြင်းမှာ ပါတီတွင်းမညီညွတ်မှုနှင့် ဘာသာရေးအရ မဲဆွယ်မှုတို့ကြောင့် ဖြစ်ကြောင်း ရမည်းသင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အောင်နိုင်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းဦးကပြောသည်။ ရမည်းသင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့တွင် ကိုယ်စားလှယ်လောင်းရွေးချယ်မှုနှင့် ပတ်သက်ပြီး မပြေလည်မှုများဖြစ်ပေါ်ခဲ့ကာ ဥက္ကဋ္ဌနှင့် အမှုဆောင်အချို့ကို ပါတီဗဟိုက တာဝန်မှရပ်နားခဲ့သည်။ ပြည်ခိုင်ဖြိုးပါတီအတိုင်ပင်ခံနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ရမည်းသင်းမြို့နယ်မှ ယှဉ်ပြိုင်ပြီး NLD ကို အနိုင်ရရှိခဲ့သည်။<br>ရမည်းသင်း |
| ၁၀ | ၁၀.၁၁.၁၅ | Tomorrow Vol (2) No (36) p (3) | Election | **ရွေးကောက်ပွဲမကျင်းပနိုင်သော နေရာများတွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပေးရန် စစ်ဘေးဒုက္ခသည်များ မျှော်လင့်** |

| | | | | |
|---|---|---|---|---|
| | | | | တိုက်ပွဲများကြောင့် ရွေးကောက်ပွဲ မကျင်းပနိုင်သော ရှမ်းပြည်နယ်ရှိ နေရာများတွင် အပစ်အခတ်ရပ်စဲပြီးကာလတွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပပေးရန် စစ်ဘေးဒုက္ခသည်များက မျှော်လင့်လျက်ရှိသည်။ အစိုးရတပ်မတော်နှင့် ရှမ်းပြည်တပ်မတော်မြောက်ပိုင်း SSPP/ SSA တို့ကြား တိုက်ပွဲဖြစ်ပွားမှုကြောင့် ၂၀၁၅ ရွေးကောက်ပွဲ မကျင်းပနိုင်သဖြင့် ယင်းဒေသရှိ စစ်ဘေးဒုက္ခသည်များမှာ မဲပေးခွင့်ဆုံးရှုံးကြောင်း သိရသည်။ လက်ရှိတွင် ဒုက္ခသည်များအား မိုင်းနောင်ဘုန်းကြီးကျောင်း၊ မိုင်းရှူးမြို့နယ်ရှိ ဟိုက်ပါ ဘုန်းကြီးကျောင်း၊ ဝမ်ဖော့ဘုန်းကြီး ကျောင်းနှင့် မိုင်းရှူးတောင်ကျောင်းတို့တွင် ဒုက္ခသည်စခန်းများ ဖွင့်လှစ်ပေးထားရကြောင်း ဒေါ်နန်းနွမ်မိုက ပြောသည်။<br>ကိုလူသစ် |
| ၁၁ | ၁၀.၁၁.၁၅ | Daily Eleven Pg (18) | Election | **မြန်မာ့ရွေးကောက်ပွဲရလဒ်များကို သက်ဆိုင်သူအားလုံး လက်ခံကြရန် ဥရောသမဂ္ဂတိုက်တွန်း**<br>နိုဝင်ဘာ ၈ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲရလဒ်များအား သက်ဆိုင်သူအားလုံးအနေဖြင့် လက်ခံကြရန် ဥရောပသမဂ္ဂက နိုဝင်ဘာ ၉ ရက်နေ့က တိုက်တွန်းခဲ့သည်။ ရွေးကောက်ပွဲကို ခြုံငုံကြည့်ပါက တည်ငြိမ်အေးချမ်း၊ စနစ်တကျရှိသော ရွေးကောက်ပွဲဖြစ်ခဲ့ကြောင်း ဥရောပသမဂ္ဂ၏ ပြည်ပမူဝါဒရေးရာအကြီးအကဲ Federica Mogherini က ပြောကြားခဲ့သည်။ မဲလာထည့်သူ အရေတွက် မြင့်မားမှုက နိုင်ငံကို ဒီမိုကရေစီစနစ်သို့ လျှောက်လှမ်းနိုင်ရေးအတွက် မြန်မာပြည်သူများ၏ ကတိပြုမှုကိုပြသသော ပြယုဂ်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံညီညွတ်ရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး စိတ်ဓာတ်ဖြင့် သက်ဆိုင်သူအားလုံးသည် ရွေးကောက်ပွဲရလဒ်ကို လက်ခံကြရန် အလွန်အမင်းအရေးကြီးကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။<br>AFP |
| ၁၂ | ၁၀.၁၁.၁၅ | DEMOCRACY Today အတွဲ(၂) အမှတ် (၃၉၄) Pg (2) | Election | **ရွေးကောက်ပွဲရလဒ်ကို အပြည့်အစုံထုတ်ပြန်နိုင်ရန် နှစ်ပတ်ခန့်ကြာမည်ဟု ကော်မရှင် ပြော**<br>အထွေထွေရွေးကောက်ပွဲ ရလဒ်များ အပြည့်အစုံအား အစောဆုံးနှစ်ပတ်အတွင်း ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်က နေပြည်တော်တွင် နိုဝင်ဘာ ၉ ရက်နေ့က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။ နိုင်ငံတကာအနေဖြင့် ကြည့်ပါက အစောဆုံးကြေညာနိုင်သည့် ရွေးကောက်ပွဲကော်မရှင်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲရလဒ် မှန်ကန်တိကျမြန်ဆန်ရေးအတွက် စိစစ်နေဟု ၎င်းကဆိုသည်။ အဆိုပါ အချိန်အတိုင်းအတာမှာ လိုအပ်သည်မှန်သော်လည်း မှန်ကန်တိကျသည့် ရလဒ်များဖြစ် |

| | | | | |
|---|---|---|---|---|
| | | | | ရန်လည်း လိုအပ်သည်ဟု နိုင်ငံရေးလေ့လာသူများက သုံးသပ်ပြောဆိုနေကြသည်။ |
| ၁၃ | ၁၀.၁၁.၁၅ | DEMOCRACY Today<br>အတွဲ(၂)<br>အမှတ် (၃၉၄)<br>Pg (6) | Election | **ရွေးကောက်ပွဲကာလ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် ထူးခြားဖြစ်စဉ် ၄၈ ခု ဖြစ်ပွားခဲ့ကြောင်း ကော်မရှင် ဥက္ကဋ္ဌ ပြော**<br>၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကာလတွင် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် ထူးခြားဖြစ်စဉ် ၄၈ ခုဖြစ်ပွားခဲ့ပြီး ဖြစ်ပွားမှုရာနှုန်း သုညဒသမ ၁၁၉ ရာခိုင်နှုန်းရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက နိုဝင်ဘာ ၉ ရက်နေ့က ပြောသည်။ ထူးခြားဖြစ်စဉ်များမှာ အယောင်ဆောင် မဲစာရင်း ၄ ခု၊ မဲလက်မှတ်မှားယွင်းခြင်း ၁၄ ခု၊ မဲရုံမှူးလက်မှတ်မပါသော မဲလက်မှတ် ၃ ခု၊ တရားမဝင် မဲဆွယ်စည်းရုံးခြင်းဖြစ်စဉ် ၁၂ ခု၊ အခြားဖြစ်စဉ် ၁၅ ခု အစရှိသည်တို့ဖြစ်သည်။ နိုဝင်ဘာ ၉ ရက်နေ့ကပြုလုပ်သည့် ရွေးကောက်ပွဲအနိုင်ရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်စာရင်းများကို ကြေညာခြင်း ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။<br>MP, MO |
| ၁၄ | ၁၀.၁၁.၁၅ | Daily Eleven<br>Pg (3) | NLD | **ကိုကိုးကျွန်းမြို့နယ်တွင် ကြိုတင်မဲ၊ ခြိမ်းခြောက်မဲများရှိခဲ့သည့်အတွက် ရွေးကောက်ပွဲဥပဒေအရဖြေရှင်းသွားမည်ဟု NLD လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးဝင်းမင်းပြော**<br>ဗိုလ်ချုပ်ကြီးဟောင်းသူရ ဦးသက်ဆွေ ပြည်ခိုင်ဖြိုးပါတီကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်တွင် ကြိုတင်မဲ၊ ခြိမ်းခြောက်မဲများရှိခဲ့သည့်အတွက် ရွေးကောက်ပွဲဥပဒေအရ ဖြေရှင်းသွားမည်ဟု NLD လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးဝင်းမင်းက ပြောကြားသည်။ ကိုကိုးကျွန်းမြို့နယ်တွင် မဲပေးခွင့်ရှိသူ ၁၅၇၃ ဦးရှိပြီး မဲရုံနှစ်သာရှိခဲ့သည်ဟုသိရသည်။ မဲစာရင်းရလဒ်မှာ ပြည်သူ့လွှတ်တော်တွင် ပြည်ခိုင်ဖြိုး ၁၂၁၁ မဲ၊ NLD က ၂၄၆ မဲ၊ အမျိုးသားလွှတ်တော်တွင် ပြည်ခိုင်ဖြိုးမှ ၁၂၀၂ မဲ၊ NLD က ၂၄၇ မဲ ၊ တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် (၁) တွင် ပြည်ခိုင်ဖြိုးမှ ၉၃၆ မဲ၊ NLD က ၁၀၃၊ တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် (၂) တွင် ပြည်ခိုင်ဖြိုးက ၂၇၅ မဲ၊ NLD က ၁၅၂ မဲ ရရှိခဲ့ကာ အာဏာရပါတီမှ အနိုင်ရရှိခဲ့သည်။ အဆိုပါစာရင်းများတွင် ကြိုတင်မဲများပါဝင်သည်ဟုသိရသည်။<br>ကျော်ထင် |
| ၁၅ | ၁၀.၁၁.၁၅ | Daily Eleven<br>Pg (7) | NLD | **အောင်နိုင်ရေးကို အကြောင်းပြ၍ ပွဲလမ်းများကျင်းပခြင်း၊ စီတန်းလှည့်လည်ဟစ်ကြွေးခြင်း၊ ပြိုင်ဘက်များကို ကဲ့ရဲ့ပြစ်တင်ခြင်း အပြုအမူများ ရှောင်ရှားရန် NLD ထုတ်ပြန်** |

| | | | | |
|---|---|---|---|---|
| | | | | ပြည်သူများအနေဖြင့် NLD ပါတီ အောင်နိုင်ရေးကို အကြောင်းပြု၍ ပွဲလမ်းများကျင်းပခြင်း၊ စီတန်းလှည့်လည် ဟစ်ကြွေးခြင်း၊ ပြိုင်ဘက်များကို ကဲ့ရဲ့ပြစ်တင်ခြင်းအပြုအမူများ ရှောင်ရှားရန် NLD ဗဟိုအောင်နိုင်ရေးအဖွဲ့က နိုဝင်ဘာ ၉ ရက်နေ့က ကြေညာချက်ထုတ်ပြန်လိုက်သည်။ ကြေညာချက်၌ ပါတီ၏ ကောင်းမွန်သော အလားအလာကောင်းများနှင့် ပတ်သက်၍ ကျေနပ်ဝမ်းမြောက်လျက်ရှိသော်လည်း တရားဝင်အောင်နိုင်ရေး စာရင်းများကိုကော်မရှင်က တရားဝင်ထုတ်ပြန်မှသာ အတည်ပြုနိုင်မည်ဖြစ်သည်ကို သတိပြုကြစေလိုကြောင်း၊ ထို့အတူ ရွေးချယ်ခံခဲ့ရသော ကိုယ်စားလှယ်လောင်းများအနေဖြင့် မီဒီယာများနှင့် တွေ့ဆုံဖြေကြားခြင်း၊ လူမှုကွန်ရက်များတွင် အကျယ်တဝင့်ရေးသားဖော်ပြခြင်း၊ အောင်နိုင်ရေးကို အကြောင်းပြု၍ ဧည့်ခံပွဲကျင်းပခြင်းများကို ရှောင်ရှားကြရန်လည်း ကြေညာချက်တွင် ညွှန်ကြားထားသည်။<br>ကျော်ဇင်ဝင်း |
| ၁၆ | ၁၀.၁၁.၁၅ | Daily Eleven Pg (16) | USDP | **ရွေးကောက်ပွဲတွင် ရှုံးနိမ့်ကြောင်း ပြည်ခိုင်ဖြိုးပါတီ ပူးတွဲဥက္ကဋ္ဌ ဦးဌေးဦး ဝန်ခံ**<br>နိုဝင်ဘာ ၈ ရက်နေ့ကကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့ကြောင်း ပြည်ခိုင်ဖြိုး ပူးတွဲဥက္ကဋ္ဌ ဦးဌေးဦးက နိုဝင်ဘာ ၉ ရက်နေ့က သတင်းထောက်များအား ပြောကြားလိုက်သည်။ ဟသ်ာတခရိုင်အတွင်း မဲဆန္ဒနယ်အားလုံးနီးပါး ရှုံးနိမ့်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရှုံးနိမ့်သည့်ရာခိုင်နှုန်းများသည်ဟု ၎င်းကဆိုသည်။ ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့သော်လည်း ပြည်သူအတွက်အကျိုးရှိမည့် လုပ်ငန်းများကို ရှေ့ဆက်ကာ ဝိုင်းဝန်းလုပ်ဆောင်သွားမည်ဟုလည်း ဦးဌေးဦးက ပြောကြားသည်။ နိုဝင်ဘာ ၉ ရက်နေ့ မဲရေတွက်မှုများအရ ဧရာဝတီတိုင်း ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော် အမှတ် (၂) တို့တွင် NLD ရာနှုန်းပြည့် အနိုင်ရရှိခဲ့ကြောင်းသိရသည်။ |
| ၁၇ | ၁၀.၁၁.၁၅ | DEMOCRACY Today အတွဲ(၂) အမှတ် (၃၉၄) Pg (7) | ပါတီ | **ရခိုင်အမျိုးသားပါတီ ပြည်နယ်လွှတ်တော်အား ထိန်းချုပ်ပြီး ပြည်နယ်အစိုးရကို ကြီးကြပ်သွားမည်ဟု ဆို**<br>တိုင်းရင်းသားပါတီများအနက် အနိုင်ရရှိမှု ကနဦးရလဒ်အားကောင်းနေသော ရခိုင်အမျိုးသားပါတီအနေဖြင့် ပြည်နယ်လွှတ်တော်ကို ထိန်းချုပ်ပြီး ပြည်နယ်အစိုးရကို ကြီးကြပ်သွားမည်ဟု ပါတီ ဒုဥက္ကဋ္ဌ (၁) ဦးဘိုးမင်းက ပြောသည်။ ရခိုင်ပြည်နယ်ရှိ အခြားလွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့်လည်း ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး ကျန်းမာရေး၊ ပညာရေးနှင့် အတတ်ပညာလုပ်ငန်းများကိုလည်း အတတ်နိုင်ဆုံး ကြိုးစားသွားမည်ဟု |

| | | | | |
|---|---|---|---|---|
| | | | | သိရသည်။ လွှတ်တော်ကိုယ်စားလှယ် ၇၇ ဦးဖြင့် ရန်ကုန်၊ ဧရာဝတီ၊ ပလက်ဝ၊ ရခိုင် တို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ANP အနေဖြင့် ၇၀၊ သံတွဲနှင့် မာန်အောင်တို့တွင် ရှုံးနိမ့်ခဲ့ကာ တောင်ကုတ်တွင် တစ်နေရာအနိုင်ရရှိခဲ့ပြီး ကျန်နေရာအားလုံးတွင် အနိုင်ရရှိခဲ့သည်ဟု သိရသည်။ MMA |